/

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ၊ ၇၂ / ၂၀၂၄

## ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

## (၂၀၂၄ ခု နှစ်၊ ဩဂုတ်လ ၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က)ပါ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား အမှတ်စဉ် ၂၄(ဓာတ်ငွေ့ရည် (LPG)၊ သဘာဝဓာတ်ငွေ့(CNG) အပါအဝင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း)၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE)သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

| **စဉ်** | **ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအမျိုးအစား** | **ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် အရွယ်အစား** | **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်သည့် အရွယ်အစား** |
|---|---|---|---|
| | **စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း** | | |
| ၂၄ | ဓာတ်ငွေ့ရည်(LPG)၊ သဘာဝ ဓာတ်ငွေ့ (CNG) အပါအဝင် စက်သုံးဆီ အရောင်းဆိုင် လုပ်ငန်း | သိုလှောင်နိုင်မှု အနည်းဆုံး ဂါလန် ၅၆,၀၀၁ (၂၅၄,၅၈၀.၅၄၆ လီတာ)မှ အများဆုံး ဂါလန် ၇၆,၈၀၀ (၃၄၉,၁၃၂.၈ လီတာ) အထိ | သိုလှောင်နိုင်မှု အနည်းဆုံး ဂါလန် ၇၆,၈၀၁ (၃၄၉,၁၃၇.၃၄၆ လီတာ)နှင့် အထက် |

(ပုံ)ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ (သစ်တော)၃(၂)/၀၆(က)( ၂၀၉၃ /၂၀၂၄)

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ-

၉.၈.၂၀၂၄

လှမောင်သိန်း

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန